**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥပဒေရေးရာဝန်ကြီးဌာန**
**စီမံရေးရာဦးစီးဌာန**

စာအမှတ်၊ ၄ (၁၇) / ၁ - ၂ / နပတ (၁၇၁)
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်

အကြောင်းအရာ။ **စီးပွားရေးစာချုပ်စာတမ်းများနှင့် သက်ဆိုင်သောညွှန်ကြားချက်များစာအုပ် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရေးအတွက် ဈေးနှုန်းများတင်သွင်းရန်ကိစ္စ**

၁။ ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ဝေမည့် စီးပွားရေးစာချုပ်စာတမ်းများနှင့်သက်ဆိုင်သောညွှန်ကြားချက်များစာအုပ် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရေးအတွက် ဈေးနှုန်းများကို (၂၀-၉-၂၀၂၂) ရက်နေ့နောက်ဆုံးထား၍ ဥပဒေရေးရာဝန်ကြီးဌာန၊ စာအုပ်ထုတ်ဝေရေးကော်မတီသို့ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| (က) ပုံနှိပ်မည့်စာအုပ် | ၁၀ လက်မ × ၇.၅ လက်မ အရွယ်အစား |
| (ခ) စာမျက်နှာ | (၂၈၀) မျက်နှာ |
| (ဂ) အတွင်းသားစက္ကူ | ဝူဖရီ အင်ဒိုနီးရှား(၈၀)ဂရမ် (I-K အမှတ်တံဆိပ်)၊ |
| (ဃ) အဖုံးစက္ကူ | Artcard(၃၅၀)ဂရမ်(ပလပ်စတစ်လောင်း၊ တစ်ဖက်အပြောင်) |
| (င) စာအုပ်အရေအတွက် | အုပ်ရေ ( ၂၅၀၀ ) |
| (စ) စာအုပ်ချုပ်ပုံ | သီချုပ်၊ Art card၊ ပတ်ဖုံး |
| (ဆ) သတ်မှတ်ချက် | ဥပဒေရေးရာဝန်ကြီးဌာနမှထုတ်ဝေခဲ့သောစာအုပ်များကို ယခင်က ပုံနှိပ်ခဲ့ဖူးသူဖြစ်ပါက စာအုပ်အပ်နှံရာတွင် စရန်ငွေတစ်ဝက်ပေးမည်ဖြစ်ပြီး ပုံနှိပ်တိုက်အသစ်ဖြစ်ပါက စာအုပ်များကိုပုံနှိပ်အပ်နှံလက်ခံရရှိပြီးမှသာ ကျသင့်ငွေအားလုံးကို ပေးချေမည်ဖြစ်ပါသည်။ |
| (ဇ) ဖလင် | ဥပဒေရေးရာဝန်ကြီးဌာနက စာမူ Hard Copy ၊ Soft Copy နှင့် ပထမအကြိမ်ပုံနှိပ်ခဲ့သည့်ဖလင်တို့ကို ပေးမည်ဖြစ်ပြီး နမူနာစာအုပ် ၅ အုပ်ကို ကနဦးထုတ်ပေးရမည်။ နမူနာစာအုပ်များကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှသာ လုပ်ငန်းအပ်နှံမည်ဖြစ်သည်။ |

ပုံနှိပ်ပြီးသည့် ဖလင်အားလုံး၊ Hard Copy နှင့် Soft Copy တို့ကို ဥပဒေရေးရာဝန်ကြီးဌာနသို့ အခမဲ့ **အမြန်** ပြန်လည်ပေးအပ်ရမည်။

( ဈ ) တာဝန်

(၁) ပုံနှိပ်တိုက်များသည် ဈေးနှုန်းလွှာတင်သွင်းချိန်တွင် ပုံနှိပ်ထုတ်ဝေခွင့် သက်သေခံအထောက်အထားနှင့်အတူ မိမိတို့အသုံးပြုမည့် မျက်နှာဖုံးစာရွက်၊ အတွင်းသားစက္ကူများကို နမူနာအဖြစ် လက်မှတ်ရေးထိုးတင်ပြရမည်။

(၂) ဈေးနှုန်းတင်သွင်းလွှာပါ စာအုပ်အရေအတွက်ထက် ပိုမိုပုံနှိပ်ခြင်းမပြုကြောင်း ဝန်ခံကတိပြုလွှာပူးတွဲတင်ပြရမည်။

(၃) အသုံးပြုမည့်နမူနာစာရွက်၊ ကတိဝန်ခံချက်နှင့် အနည်းဆုံးဈေးနှုန်းတင်သွင်းလွှာတို့ကို ချိတ်ပိတ်၍ ဥပဒေရေးရာဝန်ကြီးဌာန၊ စာအုပ်ထုတ်ဝေရေးကော်မတီသို့ အမြန်ချော ဖြင့်ဖြစ်စေ၊ သင့်ရာနည်းဖြင့်ဖြစ်စေပေးပို့ရမည်။

(၄) ပုံနှိပ်ထုတ်ဝေရန် လုပ်ငန်းလက်ခံရရှိပါက မိမိတို့တင်သွင်းခဲ့သည့် နမူနာပါစက္ကူအမျိုးအစားအတိုင်း စာအုပ်များကို ပြုလုပ်ပေးရမည်။

(၅) စာအုပ်ထုတ်ဝေရေးကော်မတီက သတ်မှတ်ပေးသည့် အရေအတွက်အတိုင်း စာအုပ်များကို ဥပဒေရေးရာဝန်ကြီးဌာနသို့ မိမိစရိတ် အစီအစဉ်ဖြင့် အရောက်ပေးပို့ရမည်။

၃။ ပုံနှိပ်တိုက်များက တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများထဲမှ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး အနည်းဆုံးဈေးနှုန်းဖြင့်ဆောင်ရွက်ပေးနိုင်မည့် ပုံနှိပ်တိုက်ကို ရွေးချယ်မည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဖုန်း ၀၆၇-၃၄၀၄၁၅၉ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမိန့်အရ

၁၃၊၉၊၂၂

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(သန့်ဇင်ဝင်း၊ ညွှန်ကြားရေးမှူး)

------------------- ပုံနှိပ်တိုက်

မိတ္တူကို -

- ညွှန်ကြားရေးမှူးချုပ်၊စီမံရေးရာဦးစီးဌာန၊ဥပဒေရေးရာဝန်ကြီးဌာန
- ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဥပဒေရေးရာဝန်ကြီးဌာန
- ဥပဒေရေးရာဝန်ကြီးဌာနကြော်ငြာသင်ပုန်း
- ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ (တင်ဒါကြော်ငြာကို ဥပဒေရေးရာဝန်ကြီးဌာန website တွင်လွှင့်တင်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)
- ရုံးလက်ခံ
- မျှောစာတွဲ